

# အမေရိကန်ပြည်ထောင်စု တွင်ရှိသောကျောင်းများ

## မိဘများဘာသိရန် လိုအပ်သလဲ


ကျွန်မကိုကူညီပါအုန်း
ကျောင်း
အသစ်


အခု ကျွန်မကလေးတွေ အခုထက်ပိုကောင်းတဲ့ ဘဝတစ်ခုရတော့မယ်
ဒါပေမဲ့ အမေရိကန် ပြည်ထောင်စုမှာရှိတဲ့ ကျောင်းတွေမှာ သူတို့အောင် မြင်အောင်ကူညီဖို့ ဘာလုပ်ရမယ် ဆိုတာကို ကျွန်မမသိဘူး


အဲဒီအရာအတွက် စိတ်မပူပါနဲ့ သူငယ်ချင်းရေ.... ဒီစာရွက်တွေကိုဖတ်ပြီး သင်သိလာပါလိမ့်မယ်

# အမေရိကန်ပြည်ထောင်စုတွင်ရှိသော ကျောင်းများ၏ဖွဲ့စည်းပုံ

1) မူကြိုကျောင်း။ အသက် ၃ နှစ်မှ ၅နှစ်

2) မူလတန်းကျောင်း။ သူငယ်တန်းမှ ၆တန်း အသက် ၆နှစ်မှ ၁၂ နှစ်

3) အလယ်တန်းကျောင်း။ ၇ တန်းမှ ၈ တန်း အသက် ၁၃ နှစ်မှ ၁၄ နှစ်

4) အထက်တန်းကျောင်း။ ၉ တန်းမှ ၁၂ တန်း အသက် ၁၅ နှစ်မှ ၁၈ နှစ်

# အထက်တန်းသင်ရိုးညွှန်းတမ်း

သင်ရိုးညွှန်းတမ်းသည် အမျိုးမျိုးကွဲပြားနိုင်သည်။ သို့သော် အမေရိကန်ပြည်ထောင်စုတွင်ရှိသောကျောင်းအားလုံးနီးပါးသည် မဖြစ်မနေယူရမည့်အတန်းများယူရန်မှာ လိုအပ်ချက်ဖြစ်သည်။

1) သိပ္ပံ ၃နှစ်
2) သင်္ချာ ၄ နှစ်
3) အင်္ဂလိပ် ၄ နှစ်
4) လူမှုရေးသင်ယူမှုများ ၃ နှစ်
5) ကာယပညာရေး ၄နှစ်
6) အချို့ပြည်နယ်များတွင် ကျန်းမာရေးဆိုင်ရာအတန်းတစ်ခု လိုအပ်သည်။


သင်ရိုးညွှန်းတမ်းအပို လုပ်ဆောင်မှုများ
ဘောလုံး၊ အမေရိကန်ဘောလုံး၊ ဘေ့စ်ဘောလ်၊ ရေကူးခြင်း။ အသင်းများ။ အသင်းများ။ ဓါတ်ပုံပညာ၊ ပြဇာတ်။ အသိုင်းအဝိုင်းဆိုင်ရာဝန်ဆောင်မှုအစီအစဉ်များ စသဖြင့်
အဲ့ဒါတွေအားလုံးက ပညာရေးသင်ရိုးညွှန်းတမ်းပြင်ပ လုပ်ဆောင်ချက်တွေဖြစ်တယ်။ ဒါပေမဲ့ ကျောင်းမှ ပုဂ္ဂိုလ်ကြီးကြပ်ဦးဆောင်ခြင်းနဲ့ဖြစ်တယ်။
ကျောင်းလူမှုဆက်ဆံရေးနှင့် လှုပ်ရှားမှုများ
လူမှုရေးအစီအစဉ်တွေက U.S. ကျောင်းတွေရဲ့တစိတ်တဒေသဖြစ်တယ်
ဟုတ်တယ်။ ကျွန်တော်တို့မှာရှိတယ်
ကျောင်းဖွင့်ပွဲအပတ်၊ ချီတက်လှည့်လည်ခြင်းတွေ၊ ကျောင်းမပိတ်ခင်လုပ်တဲ့ပွဲ စတာတွေလည်း ကျင်းပကြတယ်

# အမေရိကန်ပြည်ထောင်စုတွင်ရှိသောကျောင်းများတွင်ရှိသည့် မိဘများထံမှ မျှော်လင့်ချက်ကဘာလဲ

- ✓ ကျောင်းဝန်ထမ်းနှင့်တွေ့ဆုံခြင်း။ ကျောင်းအုပ်၊ ဆရာ/မများ၊ အကြံပေးသူ၊ ဆရာ/မ အကူများ၊ သူနာပြု၊ အတွင်းရေးမှူး စသည်ဖြင့်
- ✓ School Open House အားတက်ရောက်ခြင်း
- ✓ မိဘ-ဆရာ အစည်းအဝေးParent-Teacher Conferences (PTC) အားတက်ရောက်ခြင်း။

- ✓ သင့်ကလေးပါဝင်သော ကျောင်းပွဲများအားတက်ရောက်ခြင်း။ တေးဂီတဖျော်ဖြေပွဲများ၊ ဟာစ်စပန်းနစ် အမွေအနှစ်ဆိုင်ရာပွဲကျင်းပခြင်း၊ ကစားခြင်းများ၊ စသည်ဖြင့်။ အထူးလှုပ်ရှားမှုများနှင့်အတူ ပူးပေါင်းပါဝင်ခြင်း၊
- ✓ အထူးလှုပ်ရှားမှုများ၌အတူ ပူးပေါင်း ပါဝင်ခြင်း၊
- ✓ အကယ်၍ သင်တတ်နိုင်ပါက လုပ်အား ပေးခြင်း။
- ✓ သင့်ကလေးကျောင်းတွင် ပြဿနာများ ရှိသောအခါ စည်းဝေးများသို့တက် ရောက်ခြင်း။
- ✓ ကျောင်းနှင့် အဆက်အသွယ်ရှိနေခြင်း။

- ✓ အထူးဝန်ဆောင်မှုများအစည်းအဝေးများသို့တက်ရောက်ခြင်း။
  - ➢English as a New Language (ENL) အင်္ဂလိပ်စာကို ဘာသာစကားအသစ်တစ်ခုအဖြစ် သင်ယူခြင်း။
  - ➢အထူးပညာရေး။ Individualized Education Plan တစ်ဦးချင်းစီပညာရေးအစီအစဉ် (IEP) နှင့် 504 အစီအစဉ်
  - ➢ပါရမီပါရှိ၍ ပင်ကိုယ်စွမ်းရည်ရှိသောကျောင်းသူ/သားများ






# မိဘဆရာအစည်းအဝေးတစ်ခုအတွက် ပြင်ဆင်ခြင်း

- ✓ အကယ်၍ စကားပြန်တစ်ယောက် လိုအပ်ပါက တောင်းဆိုပါ။
- ✓ ဆရာ/မများအားမေး ရန်အကြောင်း။
  - ➢ ကျောင်းတွင် သင့်ကလေး ၏ အပြုအမူ။
  - ➢ သူ/သူမ၏ အဆင့် ရမှတ်များ။
  - ➢ အတန်းထဲတွင် သူ/သူမ ဘယ်လိုအလုပ်လုပ်ပုံ။
  - ➢ သူ/သူမ၏ သူငယ်ချင်းများ
  - ➢ သူ/သူမ ဘယ်လိုအိမ်စာ ပြုလုပ်ပုံ။
  - ➢ အိမ်တွင် သင့်ကလေးအား သင်ဘယ်လိုကူညီနိုင်ပုံ။

- ✓ ဆရာ/မများအား သိစေရန်။
  - ➢ သင့်ကလေး သင်ယူမှုတွင် လိုအပ်ချက်များ။
  - ➢ သူ/သူမ၏ ဆေးဘက်ဆိုင်ရာအခြေအနေ။
  - ➢ သူ/သူမ၏ ပင်ကိုယ်စွမ်းရည်နှင့် တတ်ကျွမ်းမှုများ။
  - ➢ သူ/သူမ၏ ကျောင်းပညာရပ်အားသာချက်များနှင့် အားနည်းချက်များ။
  - ➢ သူ/သူမ ဘာကြိုက်ခြင်း သို့မဟုတ် မကြိုက်ခြင်း။
  - ➢ ကျောင်း၌ပြဿနာတစ်ခုခုရှိမရှိ။
  - ➢ အိမ်၌ရှိသည့် အထူးအခြေအနေများ။ ကွာရှင်းခြင်း၊ သေဆုံးခြင်း၊ ကလေး အသစ်မွေးခြင်း၊ စသည်ဖြင့်
  - ➢ သူ/ သူမ၏ပညာရေးနှင့်ပတ်သတ်သည့် သင်စိုးရိမ်ပူပန်စရာရှိသည့်အရာများ။



# မိဘ-ဆရာစည်းဝေးအတောအတွင်း

- ✓ စည်းဝေးသို့အချိန်မှီရောက်ရှိပါ။
- ✓ တည်ငြိမ်ပါ။
- ✓ သင်နားမလည်သောအချိန်တွင် မေးခွန်းများ မေးပါ။
- ✓ အကယ်၍ သင့်ကလေးသည် အထူးပညာရေး အစီအစဉ် သို့မဟုတ် သူ/သူမသည် 504 အစီအစဉ်ရှိပါက တိုးတက်မှုမှတ်တမ်း အားမေးပါ။
- ✓ အစည်းအဝေးအား အချိန်ဇယားဆွဲထားသည့် အချိန်၌ ပြီးစီးစေပါ။
- ✓ အကယ်၍ သင်အချိန်ပို၍လိုလျှင် နောက်ထပ် အစည်းအဝေးအတွက်တောင်းဆိုပါ။
- ✓ ဆရာ/မ (များ) အား ကျေးဇူးတင်ပါ။





# သင့်ကလေးကျောင်းတွင် အောင်မြင်မှုရရန် ဘယ်လိုကူညီမလဲ

- ✓ ပညာရေးသို့ဦးတည်နေသော အပြုသဘောဆောင်သည့်သဘောထားတစ်ခုအား သရုပ်ဖော်စေပြီး ထိုအရာအား အရေးကြီးကြောင်းပေးပါ။
- ✓ သူ/သူမ၏ ကျောပိုးအိတ်အား နေ့စဉ်စစ်ဆေးပါ။
- ✓ သင့်ကလေးအိမ်စာလုပ်ရန်သေချာစေပါ။ အချို့သောဆရာ/မများသည် ပေးလိုက်သော လုပ်ဆောင်ရမည့်အရာများပြီးပြည့်စုံခြင်းတွင် သင့်လက်မှတ်လိုအပ်သည်။


- ✓ အကယ်၍သင့်ကလေးတွင် အစီအစဉ် သို့မဟုတ် စီမံရမှုတစ်ခုရှိပါက ထိုအရာအား ညစဉ်လက်မှတ်ထိုးပါ။
- ✓ သင့်ကလေးသည် နေ့စဉ် ၁၅-၂၀ မိနစ်စာဖတ်ခြင်းနှင့် ကျောင်းစာကြည့်တိုက်မှ စာအုပ်များငှါးယူရန် သူ/သူမအား တိုက်တွန်းပါသလား။
- ✓ တရက်တွင် သူ/ သူမသည် ၇နာရီမှ ၈နာရီအထိအိပ်စက်ရန် သေချာစေပါ။
- ✓ ကျောင်းနှင့်အိမ်တွင် လျှပ်စစ်သုံးပစ္စည်းများ (တယ်လီဗေးရှင်း၊ ဗွီဒီယိုဂိမ်းမ်များ၊ လက်ကိုင်ဖုန်းများ၊ တက်ဘလက်များ စသည်ဖြင့်) တို့အသုံးပြုခြင်းတွင် စည်းကမ်းသတ်မှတ်ပါ။ *ဥပမာအားဖြင့် လက်ကိုင်ဖုန်းအား ကျောင်းဖွင့်ရက်ညများတွင် အိမ်စာပြီးနောက်နှင့် မအိပ်မှီတွင်အသုံးပြုနိုင်သည်။*

- ✓ သင့်ကလေးအား အမှီအခိုကင်းစွာရပ်တည်တတ်ရန် တိုက်တွန်းအားပေးပါ။
- ✓ အကယ်၍ သူ/ သူမ သည် အတန်းထဲတွင် နားမလည်သော အရာရှိပါက မေးခွန်းများမေးရန် သူ/ သူမအား တိုက်တွန်း အားပေးပါ။
- ✓ ဆရာ/ ဆရာမများနှင့်ချိန်းဆိုထားသော တွေ့ဆုံပွဲများနှင့် အခြားသောအစည်းအဝေးများအားလုံးအား တက်ရောက်ပါ။
- ✓ အကယ်၍ သင်မတက်ရောက်နိုင်ပါက ကျောင်းသို့အသိ ပေးစာတစ်စောင်ပို့၍ သူတို့အားအသိပေးပါ။



# သင့်ကလေးအား နေ့စဉ်စကားပြောပါ

- ✓ သင့်ကလေးအား သူ/သူမသည် မိမိကိုယ်ကိုမိမိတန်ဖိုးထားခြင်းတွင် ပိုမိုခိုင်မာလာစေရန် အားပေးကူညီပါ။[သူတို့တွင် သင်ဘယ်လောက်ယုံကြည်ထားကြောင်း၊ သူတို့ကြိုးစားအားထုတ်မှုအား သင်ဂုဏ်ယူကြောင်းနှင့် သူတို့စိတ်ဝင်စားစွာပြုလုပ်သည့်အရာကိုမဆို အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း သူ/သူမအားပြောပြပါ]
- ✓ သူ/သူမလုပ်သင့်သည်ကို သူ/သူမအား သတိပေးပါ။
  - ➢ ရိုသေလေးစားမှုဖြင့် ပြုမူနေထိုင်ပါ။
  - ➢ အလုပ်ကြိုးစားပါ။
  - ➢ နေရာတိုင်းတွင် ကောင်းစွာပြုမူတတ်စေပါ။
  - ➢ အမြဲတမ်းမျက်လုံးများဆီသို့ကြည့်ပါ။ ဤအရာသည် အမေရိကန်ပြည်ထောင်စုတွင် ပုံမှန်အရာဖြစ်သည် (ထိုအရာသည် လူများဆီမှ ဘာမျှော်လင့်သည်ဆိုသည့် အရာဖြစ်သည်။)



- ✓ သူ/သူမအားပြောပါ။
  - ➢ အကယ်၍ သူ/သူမ ပျော်ရွှင်မှုမရှိဟုခံစားရသည်ဟု ထင်ခဲ့သော် ရိုသေစွာဖြင့် ထုတ်ဖော်ပြရန် သူ/သူမ၌ အခွင့်အရေးရှိသည်။
  - ➢ သူ/သူမ ကိုယ်တိုင်အတွက် ထောက်ခံအားပေးခြင်း။
  - ➢ သူ/သူမ ဆရာ/ဆရာမများနှင့် မိဘအား အကူအညီတောင်းရန် ပြောပါ။
  - ➢ ကျောင်းတွင်ရှိသော မည်သည့်အရွယ်ရောက်ပြီးသူထံမှမဆို အကူအညီရယူပါ။

# နေ့စဉ်ကျောင်းတက်ခြင်းနှင့် ပညာအောင်မြင်မှု





- ✓ သင့်ကလေးသည်နေ့စဉ်ကျောင်းတက်ကြောင်း သေချာစေပါ။
- ✓ အကယ်၍ သင့်ကလေးသည် အကြောင်းတစ်စုံတစ်ခုအတွက်ကျောင်းပျက်ရန်ရှိပါက ပျက်ကွက်ခြင်းအား ဖုန်းခေါ်၍ သတင်းပေးအကြောင်းကြားပါ။
- ✓ သူ/သူမကျောင်းသို့ပြန်လာသောအခါ သူ/သူမ မည်သည့်အတွက်ကြောင့် ကျောင်းပျက်ရသည်ဆိုသည်ကို ရှင်းပြသည့် အကြောင်းကြားစာတစ်စောင်ပို့ပေးလိုက်ပါ။
- ✓ သင့်ကလေးအား သင်နေ့စဉ်ကျောင်းသို့ပို့ရန်လိုအပ်သည်မှာ ဥပဒေအရဖြစ်ကြောင်းသတိရပါ။ အကယ်၍သင်မပြုလုပ်ခဲ့သော် ကျောင်းမှထိုအရာအား ကလေးသူငယ်ကာကွယ်ရေးဝန်ဆောင်မှု Child Protection Service (CPS)သို့ အကြောင်းကြားနိုင်သည်။
- ✓ သင့်ကလေးသည် ကျောင်းမှပျက်ကွက်သည့်အခါတိုင်းတွင် ကျောင်းပညာရေးကျဆုံးခြင်းအခွင့်အလမ်းများ ပိုမိုတိုးလာသည်။


ဟင်းမ်....... ကျွန်မကလေးတွေထဲကတစ်ယောက်မှာ သင်ယူဖို့အခက်အခဲတွေရှိနေတယ်လို့ ကျွန်မထင်တယ်
အဲဒီအရာအတွက် စိတ်မပူပါနဲ့သူငယ်ချင်းရေ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ပညာရေးစနစ်မှာ ကလေးတွေအားလုံးအတွက် သင်ယူပြီးတတ်မြောက်အောင်မြင်ဖို့အတွက် အကူအညီရှိတယ်
ဒီမှာသတင်းအချက်အလက်တွေလေ
ကောင်းလိုက်တာ။ အဲဒါကဘာလဲ။ အဲဒါဘယ်လိုလုပ်လဲ။ ကျွန်မဘယ်လိုလုပ်ရမလဲ။ ကျေးဇူးပြုပြီး ကျွန်မကိုပြောပါအုန်း..... ပြောပါအုန်း။

# အထူးပညာရေး

"အထူးပညာရေးဆိုသည်မှာ မသန်မစွမ်းဖြစ်မှုများရှိသောသူ [ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် သင်ယူမှုပိုင်းဆိုင်ရာ] အသက် သုံးနှစ်မှ ၂၁နှစ်ကြားရှိ တစ်ဦးချင်းစီအတွက် ပြည်သူလူထုကျောင်းစနစ်နှင့် အခြားပညာရေးဆိုင်ရာအဖွဲ့အစည်းများအားဖြင့် ပညာရေးဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အမျိုးမျိုးလုပ်ဆောင်မှုတစ်ခုအား ရည်ညွှန်းခြင်းဖြစ်သည်။ ဤပတ်ဝန်းကျင်သည် ထိုသူများအား ထိရောက်စွာ ပညာတတ်ဖြစ်စေရန် ခွင့်ပြုထားသည်။ *(Special Education, 2018)*.










**"IEP" သို့မဟုတ် "Individualized Education Program" တစ်ဦးချင်းစီဖြစ်သော ပညာရေးအစီအစဉ်သည် လုပ်ဆောင်ချက်တစ်ခုနှင့် မှတ်တမ်းတစ်ခုဖြစ်သည်။အကယ်၍ အကဲဖြတ်ခြင်းတစ်ခုက သင့်ကလေးသည် အထူးပညာရေးလိုအပ်သည်ဟုပြောပါက သင်၌ တစ်နှစ်တွင်အနည်းဆုံးတစ်ကြိမ် IEP အစည်းအဝေးရှိမည်ဖြစ်သည်။ သင်နှင့် ကျန်သော IEP အဖွဲ့သည် သင့်ကလေးလိုအပ်ချက်များနှင့် ထိုလိုအပ်ချက်များအား မည်သည့် ဝန်ဆောင်မှုများမှ ရမှီနိုင်မည်ကို IEP မှတ်တမ်းတစ်ခုရေးမည်ဖြစ်သည်။**

- ✓ **သင့်ကလေးကျောင်းတွင်မည်သည့် [ကျောင်းပညာ]အဆင့်တွင်ရှိသနည်း။**
- ✓ **သင့်ကလေးအတွက် ရေရှည်နှင့်ရေတို ရည်မှန်းချက်က ဘာလဲ။**
- ✓ **သင့်ကလေးသည် မည်သည့် အထူးပညာရေးနှင့် ဆက်စပ်နေသောဝန်ဆောင်မှုများလိုအပ်နေသလဲ။**
- ✓ **မသန်မစွမ်းမဖြစ်သောကလေးများနှင့်သင့်ကလေးဘယ်လောက်အထိနေနိုင်သလဲ။**
- ✓ **ဝန်ဆောင်မှုများဘယ်အချိန်တွင် စတင်သင့်သလဲ*(Colorín Colorado, 2018).***


ဒီမှာ အရမ်းအရေးကြီးတာက
အဖေတွေနဲ့အမေတွေ ဒါမှမဟုတ်
အရွယ်ရောက်ပြီးသူတွေက ကလေးတွေသူတို့
ပညာရေးမှာပါဝင်နေဖို့ ကလေးတွေကို
ဂရုစိုက်ဖို့ဖြစ်တယ်။ အရွယ်ရောက်ပြီးတဲ့သူတွေက
ကျောင်းနဲ့အဆက်အသွယ်လုပ်ရမယ်။ မိဘ-
ဆရာတွေဆုံပွဲတွေတက်ရမယ်။အထူးအစည်းအဝေးတွေ
တက်ရမယ်။ သူတို့အတွက်
ဘက်လိုက်ပြောဆိုပေးရမယ်။
သူတို့နဲ့စာအတူတူဖတ်ရမယ်။ ပြီးတော့သူတို့
အိမ်စာတွေကို ကူလုပ်ပေးပါ။
သူငယ်ချင်းရေ
ကျောင်းနဲ့သာဆက်သွယ်မှုယူပြီး
တက်တက်ကြွကြွပါဝင်သူတစ်ဦး
ဖြစ်လိုက်ရင် ဒီဟာတွေအားလုံးက
ကျွန်မတို့ကလေးတွေကိုယ်တိုင်
ကောင်းဖို့အတွက်ပဲ
အိုကေ...... ဒီအရာတွေအကုန်လုံးကို
ကျွန်မသင်ယူရရှိလိုက်ရတာ
အရမ်းဝမ်းသာတာပဲ။

# ထပ်တိုးအကြံပြုချက်

- ✓ သင့်ကလေးအိမ်တွင်အိမ်စာလုပ်ရန်နှင့် စာသင်ယူလေ့လာရန် အားပေး တိုက်တွန်းပါ။
- ✓ စာသင်ယူလေ့လာရန် အချိန်ဇယားနှင့် နေရာအတွက်ချမှတ်ပေးပါ။



- ✓ ကျောင်းမှအိမ်သို့ပို့လိုက်သော ကျောင်းသားပညာရေးမှတ်တမ်းအား စစ်ဆေးပါ။
- ✓ သင့်ကလေးအတွက် ထုတ်ဖော်ပြော ဆိုပါ။ သူ/သူမသည် ကျောင်းတွင် ရှိသောအခြားကလေးများကဲ့သို့ တူညီသောအခွင့်အရေးများရှိသည်။
- ✓ မိဘဝင်ရောက်ကြည့်နိုင်သောဝဘ်ဆိုဒ် Parent Portal (အကယ်၍ ကျောင်းတွင် ဤဝန်ဆောင်မှု ရှိခဲ့သော်) တွင် အကောင့်တစ်ခုဖွင့်ပါ။ ဖြစ်နိုင်လျှင် ထိုနေရာ၌ သင့်ကလေး ဘယ်လိုနေလဲဆိုသည်ကို နေ့စဉ် ကြည့်ရန်ဖြစ်သည်။



သင့်ကလေးများအား ရေရှည်ဘဝသင်ယူတတ်သောသူများဖြစ် အောင် အားပေးတိုက်တွန်းပါ။



စာကြိုးစားရန်၊ စာဖတ်ရန်နှင့် ကျောင်းအလုပ်များအားလုံးလုပ်ဆောင်ရန် သူ/သူမအား တိုက်တွန်းအားပေးပါ။



သူ/သူမအား စူးစမ်းချင်စိတ်ရှိရန် အားပေးနိုးဆော်ပါ။


THE STORY OF THE
EASTER
အိုး.... ကျွန်မနိုင်ငံမှာရှိတဲ့ ပညာရေးစနစ်က အမေရိကန်ပြည်ထောင်စု မှာရှိတဲ့အရာနဲ့ လုံးဝကိုမတူတာပဲ။
ဟုတ်တာပေါ့။ သင်မြင်တဲ့အတိုင်းပဲလေ။ ကျွန်မတို့ကလေးတွေ အောင်မြင်အောင်ကူညီဖို့ ခက်ခဲရှုပ်ထွေးခြင်းတွေမ ရှိပါဘူး။
ဒီသတင်းအချက် အလက်တွေဝေမျှ ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်။။

# ကျမ်းကိုးစာစုစာရင်း

ထပ်တိုးအကြံပြုချက်

https://www.pta.org/home/events/About-Every-Child-in-Focus/Every-Child-in-Focus-Leadership-Series/Immigrant-Families
http://www.thelearningcommunity.us/resources-by-format/tips-for-parents/diverse-families/immigrant-families.aspx
http://www.colorincolorado.org/es/articulo/20-maneras-en-que-puede-ayudar-su-hijo-triunfar-en-la-escuela

သင်ရိုးညွှန်းတမ်းအပိုနှင့်ဆိုင်သောလုပ်ဆောင်မှုများ

http://www.p12.nysed.gov/part100/pages/1002.html#k
https://www.osc.state.ny.us/localgov/audits/swr/2016/extraclassroom/global.pdf

အထက်တန်းသင်ရိုးညွှန်းတမ်း

http://www.nysed.gov/curriculum-instruction

ကျောင်းတွင်အောင်မြင်မှုရရန် သင့်ကလေးများကို ဘယ်လိုကူညီမလဲ။

http://www.colorincolorado.org/es/families/%C3%A9xito-escolar
http://www.colorincolorado.org/es/families/recursos-para-padres-de-adolescentes

IEP

http://www.colorincolorado.org/article/what-iep

မိဘဆရာ အစည်းအဝေး

http://www.colorincolorado.org/slide/tips-parent-teacher-conferences-ell-families
http://www.colorincolorado.org/article/parent-teacher-conference
http://www.colorincolorado.org/article/tips-successful-parent-teacher-conferences-bilingual-families
http://www.colorincolorado.org/article/tips-parents-parent-teacher-conferences
https://www.scholastic.com/teachers/collections/teaching-content/guide-parent-teacher-conferences/

ကျောင်းတက်ရောက်ခြင်း အရေးကြီးသည်

http://www.colorincolorado.org/es/articulo/asistencia-escolar-la-clave-del-%C3%A9xito
https://www.opb.org/news/series/clasedel2025/estudios-ausentarse-rendimiento-acadmico-estudiantes/
http://attendanceworks.org/wp-content/uploads/2017/10/AW_HS-flyer_Spanish_3-26-12.pdf

အထူးပညာရေး

http://www.healthofchildren.com/S/Special-Education.html
http://www.colorincolorado.org/special-education-ell/professional-development
http://www.healthofchildren.com/S/Special-Education.html

USA ကျောင်းဖွဲ့စည်းပုံ

http://www.p12.nysed.gov/nonpub/manualfornewadministratorsofnps/statereqs.html
http://www.nysed.gov/curriculum-instruction/general-education-and-diploma-requirements
https://www2.ed.gov/about/offices/list/ous/international/usnei/us/edlite-structure-us.html?exp=7
https://www.studyusa.com/en/a/58/understanding-the-american-education-system

USA ကျောင်းများမိဘများထံမှ ဘာမျှော်လင့်ကြလဲ

http://www.pbs.org/parents/education/going-to-school/supporting-your-learner/role-of-parents/
https://www.childtrends.org/indicators/parental-involvement-in-schools
https://www2.ed.gov/documents/family-community/parent-checklist.pdf
http://www.colorincolorado.org/article/empowering-ell-parents-families-home
http://www.colorincolorado.org/article/helping-parents-become-partners
http://www.colorincolorado.org/families
http://www.colorincolorado.org/article/connecting-ell-families-strategies-success
http://www.colorincolorado.org/article/encouraging-and-sustaining-ell-parent-engagement